ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
ပါတီဗဟိုဌာနချုပ်
P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908
Secretriat mobile: GS: (+66)999428659, S1: (+66) 895531296, S2: (+66) 650194009

ရက်စွဲ။ ။ မတ်လ ၆ ရက်၊ ၂၀၁၈ ခုနှစ်

သတင်းထုတ်ပြန်ချက်

၁။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) မှ ငြိမ်းချမ်းရေးကော်မရှင် (PC) တို့၏ အလွတ်သဘောဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် မတ်လ (၇) ရက်နေ့၊ နံနက် (၁၀) နာရီအချိန်တွင် ရန်ကုန်မြို့ရှိ NRPC ရုံးခွဲ ကျင်းပမည်ဖြစ်ပါသည်။

၂။ ထိုအလွတ်သဘော ဆွေးနွေးပွဲ၌ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်တို့တွင် နှစ်ဖက်အကြား ချုပ်ဆိုခဲ့သော သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ပါသည်။

၃။ ထို့အပြင် KNPP အနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် ဆက်လက်ပါဝင်နိုင်ရေးကိစ္စများနှင့် UNFC ၏ အဆိုပြုချက် (၈) ချက်ထဲမှ ကြေလည်မှုမရရှိသေးသည့်အချက်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဆက်သွယ်ရန် -

၁။ နဲနယ်ပလိုး
၂။ တာဂေချိုင်း

(+၉၅) ၉၇ ၈၇၅၁ ၆၀၉၇